# ကွင်းကြီးကမ်းနားကျေးရွာ
# ရခိုင်ပြည်နယ်၊ ဂွမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၆–၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကွင်းကြီးကမ်းနားကျေးရွာ၊ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

## မာ တိ ကာ

စကားချီး
ကွင်းကြီးကမ်းနားကျေးရွာသယံဇာတပြမြေပုံ၊ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်
အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့်အစီအစဉ်

(၁) **နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**
  (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
  (ခ ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) **ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ**
  (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား
  (ခ ) သဘာဝအရင်းအမြစ်များ

(၃) **ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**
  (က) လူဦးရေဆိုင်ရာအချက်အလက်များ
  (ခ) စီပွားရေးအခြေအနေဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
  (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
  (ဃ) ကျန်းမာရေးနှင့်အာဟာရ
  (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
  (စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) **ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**
  (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်
  (ခ ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
  (ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
  (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
  (င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု
  (စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
  (ဆ) လူငယ်နှင့် ယဉ်ကျေးမှု
  (ဇ ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ် စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်သောအခြေအနေကောင်းများ၊ အဟန့် အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**

(၇) **ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက် အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ**

(၈) **ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ**

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးမည့်အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်း ရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) **စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) **လူမှုစီးပွားရေးအခြေအနေ**

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား (၃) **လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းမြစ်များ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင် သည့်အိမ်ထောင်စုများ

ဇယား(၈)ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂) **ကဏ္ဍာအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့်ရေသွင်းဧရိယာ

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၂၀) မွေးမြူရေးကဏ္ဍာထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့် အလမ်းပြဿနာနှင့်အခက်အခဲများ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၇) ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ

ဇယား (၃၀) မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

ဇယား (၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား (၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

ဇယား (၃၅) လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ဇယား (၃၈) အိမ်သာအမျိုးအစား

ဇယား (၃၉) ကျား–မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၄၀) ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား (၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်နည်းပညာအခြေအနေ

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူများ အားလက်လှမ်းမီမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ စီမံချက်အထိ) ကိုးကားစာရင်း**

**နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅)နှစ် ကြားအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်လက်တို့၏ အရေးပါမှုကို သိရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ် ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက် မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲ မှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောက်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်ချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့<br>
ကွင်းကြီးကမ်းနားကျေးရွာ<br>
ရခိုင်ပြည်နယ်၊ ဝမြို့နယ်

# ကွင်းကြီးကမ်းနားကျေးရွာ လူမှုရေး၊ သယံဇာတ နှင့် အရင်းမြစ်မြေပုံ



## အပိုင်း (က)

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထား မိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာ များနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။ နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှုကျွန်ုပ်တို့၏

ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလား ချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစား ချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက် များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ နည်းပညာ အထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။ မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေး နှင့်ပြည်သူ့အရေး ရပ်တည်မှု ပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်း အချက် အလက်များ ကိုရရှိနိုင်မည်။ နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

**၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။ လူထုဦးဆောင် ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင် ရှင်းလင်း မှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင် အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက် ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျွန်တော်တို့ကျေးရွာ ဝ-ငါးသိုင်းချောင်းကားလမ်းပေါ် တည်ရှိပြီး အုပ်ချုပ်ရေး ရုံးစိုက်ရာ ဝမြို့နှင့်ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည် ရခိုင်ရိုးမ တောင်တန်းများကြားတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မမှာ ၁၅၀မှ ၁၈၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက် အကူပြုသည်။ ကျေးရွာအနီးတွင် တောတောင်၊ မြစ်ချောင်းများရှိပြီး ရွာ၏ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည် စပါးအသင့် အတင့် ထွက်ရှိပြီး ကိုင်းနှင့်တောင်ကုန်းများသည် ငရုပ်သီးနှင့် ကွမ်းခြံများ လုပ်ကိုင် စားသောက် သူများအတွက် အဓိကအားထားရာ ဖြစ်သည်။ မိုးတွင်း ကာလတွင် နှစ်စဉ်ရေကြီး ရေလျှံမှုဒဏ်ကိုခံစားရသော်လည်း ထိခိုက်ဆုံးရှုံးမှု နည်းပါးပါသည်။ သို့သော်လည်း ရေကြီးရေလျှံမှုအန္တရာယ်ရှိနေဆဲ ဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင်းရှိကြပြီး မြေဆီလွှာအသင့်အတင့်ကောင်းမွန် ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတများအဖြစ် ရွာအနီးချောင်းအတွင်းမှ ချောင်းကျောက် များအသင့်အတင့် ရှိနိုင်ပါသည်။ ထို့ပြင် ကျေးရွာအနီးရှိ တောတောင်များ၌ ဆေးဘက်ဝင်အပင်များ၊ ဝါး၊ ကြိမ်စသော သစ်တောထွက်ပစ္စည်းများ အသင့်အတင့်

ရရှိနိုင်သည်။ လယ်ယာစိုက်ပျိုးသော တောင်သူအချို့မှာ မိုးရေကိုသာအဓိကထား စိုက်ပျိုးကြပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သောကေ (၁၃၇) ကေရှိပြီး စပါး၊ မြေပဲနှင့် ငရုပ်တို့ကို အဓိကစိုက်ပျိုးကြပါသည်။

**၃။ကျေးရွာ၏ လူမှု ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ကျွန်တော်တို့ ကွင်းကြီးကမ်းနားကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၉၀) စု နှင့် ကျား (၃၈၆)ဦး၊ မ (၃၅၄)ဦး လူဦးရေပေါင်း (၇၃၈) ဦး ရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်စု ပျမ်းမျှနှုန်း (၅) ဦး ထက်လျော့နည်းနေပါသည်။ ကျေးရွာတွင် ရခိုင်လူမျိုးများ နေထိုင်ပြီး အလုပ်လုပ်နိုင်သော အရွယ်မှာ ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၃%) ခန့်ရှိသဖြင့် လူသားအရင်း အမြစ်ကောင်း တစ်ရပ်ဖြစ်၍ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသ စီးပွားရေး တိုးတက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်ပါသည်။ စွမ်းဆောင်ရည်အပြည့် လုပ်ကိုင်နိုင်သော အမျိုးသားဦးရေသည် အမျိုးသမီးများထက် (၁%) မျှ ပိုများပါသည်။

**(ခ ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့်လျော့နည်းသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စု အားလုံး၏ (၆၃.၆၈%) သည်ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဖြစ် သတ်မှတ်ခံယူကြပြီး (၂.၆၃%) သည် အဆင်ပြေသောအဆင့်နှင့် (၃၃.၆၈%) သည် အလယ်အလတ်အဆင့်ရှိသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုပ်မီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် အခြားစိုက်ပျိုးရေး တို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ရှိပါသည်။ အသင့်အတင့် အဆင်ပြေသော လယ်သမား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ဆန်စက်စသော အသေးစား အိမ်တွင်း လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ငွေချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအနည်းငယ်တို့မှာလည်း ငွေကြေးအသင့်အတင့်ရှိပြီး၊ ယင်းတို့အနက်ဆင်းရဲအဆင့်သည် ကျေးရွာတွင်များပြားပါ၍ မြေယာ အနည်းငယ်ပိုင်ဆိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ အငှား အလုပ်သမား များနှင့် မြေယာမဲ့ အိမ်ထောင်စုများ ပါဝင်ကြသည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများအရေ

အတွက်များပြားပြီး (၅၁.၅%) ထိရိုကာဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စု များဖြစ်ကြပါသည်။

**(ဂ)ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများရှိသော်လည်း ရာသီအလိုက် လုပ်ကိုင်သောလယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီလက်ကား ရောင်းဝယ်ရေး ၊ခေါင်းရွက်ဗျတ်ထိုးလုပ်ငန်းများ၊ ဝါးခုတ်၊ ကြိမ်ခုတ်၊ မျှစ်ချိုးစသော လုပ်ငန်းများလည်းရှိပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၃၀% စီဖြစ်သော (၂၃) အိမ်ထောင်စုကို လေ့လာ ဆန်းစစ်မှုအရ ယင်းတို့၏ (၃၃.၃၃%) မှာ သူတပါးထံမှ မချေးမငှားပဲ (၃)လခန့် စားသုံးနိုင်ကြကြောင်း၊ (၇၃.၃၃%) မှာ (၆)လမှ (၁၂)လခန့် သူတပါးထံမှ မချေးမငှားပဲ နပ်မှန်အောင်စားသုံးနိုင်ကြောင်း တွေ့ရှိ ရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ရှိရသောအိမ်ထောင်စုများသည် အကြွေးငွေ (၅၀၀၀၀) ကျပ်မှ (၅၀၀၀၀၀) ကျပ်အထိ တင်ရှိနေကြပါသည်။

အိမ်ထောင်စုအားလုံး၏ ၁.၅%သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပြီး ဆင်းရဲကာမိသားစုဦးရေများပြားကြသည်။ အလားတူ မုဆိုးဖို၊ တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်တစ်စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုဖြစ်သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျွန်တော်တို့ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းပြီး အဟာရပြည့်ဝကြသည်။ ကလေးသူငယ် အများစုလည်း ကျန်းမာကြပါသည်။ သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်း မိုးတွင်းကာလများ တွင်စတင်ဖြစ်ပွားလာသော်လည်း အချိန်မှီကုသမှုများကြောင့် အသက်အန္တရာယ် ထိခိုက်မှုများ မကြုံတွေ့ရသေးပါ။ အမျိုးသမီး၊ လူငယ်လူရွယ်များ၊ သက်ကြီးပိုင်း များလည်း တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။

ကျေးရွာသူရွာသားများအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာအတွင်းရရှိနိုင်ကြပြီး (၇) မိုင်မျှဝေးပြီး မြေသားလမ်း၊ ကားလမ်း ခရီးဖြင့် သွားလာရသော ဂွမြို့၊ မြို့နယ်ဆေးရုံ၊ ဆေးခန်းများသို့ အလွယ်တကူ သွားရောက် ကုသနိုင်ကြပါသည်။ကျေးရွာတွင် လက်နှိပ်တုံကင်၊ မော်တာသုံး တုံကင် များမှ မြေအောက်ရေကိုရရှိနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျော၊ အစာအိမ်ရောင်၊ တိုက်ဖွိုက် စသော ရောဂါများ

ဖြစ်ပွားမှုနည်းပါးကြောင်းတွေ့ရပြီး ငှက်ဖျားရောဂါဖြစ်ပွားမှု အသင့် အတင့်ရှိကာ ထိရောက်စွာကာကွယ်ကုသမှုများကို တွေ့ရှိ ရပါသည်။

**(င)ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျွန်တော်တို့ကျေးရွာရှိ ပညာရေး အဆင့်အတန်းမှာ အသင့်အတင့်အနေအထားတွင် ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် စာမတတ်သူဦးရေမှာ ၈.၂၂ % ၊ ၁၀.၅၅%၊ မူလတန်းပညာရေးမပြီးဆုံးသူ ၂၇.၅၄%၊ မူလတန်းပညာရေးပြီးဆုံးသူ ၄၀.၆၀%၊ အလယ်တန်းပညာရေးပြီးဆုံးသူ ၁၀.၀၁%၊ အထက်တန်းပညာရေး ပြီးဆုံးသူ ၂.၃၂%၊ တက္ကသိုလ်ပညာပြီးဆုံးသူ ဦးရေ ၀.၇၁% ရှိ၍ ကျေးရွာတွင် အခြေခံ အရေး အဖတ်အတွက်တို့ကို အများအားဖြင့် တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ နည်းပါး လှသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာတွင်းရှိ အလယ်တန်း ကျောင်းခွဲတွင် သင်ယူရရှိနိုင်သည်။ သို့သော် ကျေးရွာတွင် ဝင်ငွေရအလုပ်အကိုင် ရှားပါးမှုကြောင့် ကျေးရွာသူ၊ ကျေးရွာ သားများနှင့် လူငယ်အမျိုးသား၊ အမျိုး သမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါး၍ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု ပညာရပ် များမှာ လည်းနိမ့်ကျဆဲဖြစ်ပါသည်။

**(စ)ကျား/မ ရေးရာကိစ္စဆိုင်ရာ**

ကျား–မ ရေးရာဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှု အဖွဲ့အစည်းများ၏ ပုံသေစံနှုန်း သတ်မှတ်ထားခြင်း မရှိသော်လည်း လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိပါသည်။ ကျေးရွာတွင် ကျားနှင့်မ အကြားပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများလည်း မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မအရေအတွက်သည် ကျားအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်းတွင် မအရေအတွက်မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ ကျေးရွာတွင်လည်း နေ့တွက် လုပ်အားခ ငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာ–ကျေးရွာတွင် အမျိုးသား တစ်ဦး၏လုပ်အားခမှာ ကောက်စိုက်တစ်နေ့လျှင် အနည်းဆုံး ၂၅၀၀ မှ အများဆုံး ၃၀၀၀

ကျပ် ရရှိကြသည်။ ရာသီပေါ် လုပ်ငန်းများဖြစ်ကြ၍ လုပ်အားသဘာဝနှင့် အင်အား စိုက်ထုတ်ရမှုအပေါ်မူတည်၍ တစ်နေ့လုပ်အားခဝင်ငွေမှာ အမျိုးသားများက အမျိုးသမီး များထက် ပိုနေကြောင်း တွေ့ရသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီး ပါဝင်မှုမရှိပါ။ ကျား-မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျွန်တော်တို့ ကျေးရွာတွင် လူမှုရေးဆိုင်ရာကိစ္စရပ်များကိုဆောင်ရွက်ရာ၌ သီးသန့်ဖွဲ့စည်းထားသော အဖွဲ့အစည်းမျိုးမရှိပဲ ဘာသာရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာအဖွဲ့ တစ်ဖွဲ့သာရှိပါသည်။ ကျေးရွာရှိသာရေး၊ နာရေးကိစ္စရပ်များတွင် ထိုအဖွဲ့အစည်းနှင့်သာ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြသည်။ မြန်မာ့အသေးစား ငွေကြေးအဖွဲ့ကို ပြင်ပမှဖွဲ့စည်း ပေးထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျှက်ရှိပါသည်။ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့ နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာ နိုင်ပါသည်။

### (ခ)သီးနှံသားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျွန်တော်တို့ကျေးရွာတွင် စပါးနှင့် ငရုပ်ကို အဓိကစိုက်ပျိုးကြသည်။ မိုးစပါး စိုက်ဧက (၇၃)ဧက ရှိပြီး ငရုပ်နှင့် မြေပဲစိုက်ဧက (၆၄) ဧက ကိုစိုက်ပျိုးကြသည်။ မိုးစပါး ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် (၄၀) တင်းနှင့်ငရုပ် အထွက်နှုန်းမှာ (၈၀) ပိဿာ ထွက်ရှိကြသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ တောင်သူများသည် တစ်ခါ တစ်ရံတွင် မိုးရွာသွန်းမှုကို ရင်ဆိုင်ရတတ်သည်။ မိုးရွာသွန်းမှုများ၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်သောအခါတွင် ပျိုးခင်းများ ပျက်စီးသဖြင့် စိုက်ပျိုးချိန် နောက်ကျရသည်များ ကိုလည်းကြုံတွေ့ရသည်။ နည်းပညာ ဗဟုသုတနှင့် စိုက်ပင်များတွင်ဖျက်ပိုးများ ကျရောက်ပါက ထိရောက်စွာ ကာကွယ်နိုင်သည့် အတွေ့အကြုံနည်းပါးသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အောင်မြင်မှုနည်းပါးသည်။ သို့ပါ၍ တောင်သူများမှ

ကုန်ကျစရိတ်မြင့်မားမှုဒဏ် ဖျက်ပိုးများ ကျရောက်မှုဒဏ်နှင့် စပါးအထွက်နှုန်း လျော့မှုဒဏ်များကို ရင်ဆိုင်နေရကာ ထိရောက်သော စိုက်ပျိုး ရေးနည်းစနစ်နှင့် ဖျက်ပိုးနှိမ်နင်းရေး နည်းစနစ်ကို လိုလားနေကြပါသည်။

ကျွန်တော်တို့ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လိုမှု အားနည်းသည်ကိုတွေ့ရှိရသည်။ ဝက်မွေးသူအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ (၁.၁%) ဝန်းကျင်သာရှိပြီး ဒေသဝက်မျိုးကိုသာ မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာလည်း တစ်ရွာလုံး၏ (၅%) ခန့်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက်ဖြစ်ပေါ်တတ်သော တိရိစ္ဆာန်ရောဂါ များကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် ဆောင်ရွက်မှု အားနည်းသည်ကို တွေ့ရှိရသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာနည်းပညာ သင်တန်းများပေးပါက ကျေးရွာတွင် ရေ၊ မြေနေရာအဆင်ပြေသောကြောင့် အောင်မြင် ဖြစ်ထွန်းနိုင်ပါသည်။

**(ဂ) စိုက်ပျိုးရေး မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ**

ကျွန်တော်တို့ကျေးရွာတွင် ပုံမှန်ဝင်ငွေရလုပ်ငန်းမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျတ်ထိုး၊ အစိုးရ ဝန်ထမ်းလုပ်ငန်းများ ဖြစ်ကြပါသည်၊ အခြားဝင်ငွေရလုပ်ငန်းများမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနဲအပါးမှ အသင့်အတင့် အနေအထား တွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ ရာသီမရွေး လုပ်ကိုင်နိုင်သော်လည်း အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။ ကျွန်တော် တို့ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်း သင်တန်းများရှိသော်လည်း ရွာသားအများစုသည် ထိုသင်တန်းများနှင့် ထိတွေ့မှု နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ သင်တန်းများသို့ အခကြေးငွေအကုန် အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု**

ကျွန်တော်တို့ ကျေးရွာရှိ စိုက်ခင်းများတွင် ယခုနှစ်ကာလများတွင် ဖျက်ပိုးများ ကျရောက်သောကြောင့် ပိုးသတ်ဆေးများနှင့်အတူ မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိပ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျစွန့်ပစ်မှု အားနည်းနေကြသေးသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ ပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်သည်။

ကမ်းရိုးတန်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်ကို တစ်ခါ တစ်ရံကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာကျရောက်တတ်သော မိုးတွင်းကာလ၌ ရေကြီးရေလျှံခြင်းသည် သဘာဝဘေးအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။ ငလျင်လှုပ်မှုဘေးအန္တရာယ်များ တစ်ခါတစ်ရံကြုံတွေ့ရတတ် သော်လည်းပျက်စီး ဆုံးရှုံးမှု နည်းပါးလှပါသည်။

## (င) ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျွန်တော်တို့ကျေးရွာရှိ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော မိုးစပါး ချေးငွေကို တစ်လလျှင် (၆၇) ပြား အတိုးဖြင့် တစ်ဧကလျှင် (၁၅၀,၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး (၁၀) ဧကအတွက် ချေးယူနိုင်ကြသည်။ အချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်လလျှင်အတိုးနှုန်း (၅%) မှ (၂၀%) ဖြင့်လည်းကောင်း၊ မိတ်ဆွေ၊ မိသားစုဝင်များထံမှ တစ်လအတိုးနှုန်း (၁၅%) ခန့်ဖြင့်လည်းကောင်း ချေးယူနိုင်ကြသေးသည်။ ကျေးရွာသားအများစုသည် ချေးငွကို အကြောင်းအရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက်ချေးယူကြပြီး ကျေးရွာတွင်ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်း အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ အားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ (၅၀၀၀၀) ကျပ်မှ (၅၀၀၀၀၀) ကျပ်အထိ တင်ရှိနေကြကြောင်း တွေ့ရှိရသည်။

## (စ) ပညာရေး၊ ကျန်းမာရေးနှင့် ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်တော်တို့ကျေးရွာတွင် မူလတန်းနှင့်အလယ်တန်းကို ၁၄၀ ပေ– ၃၀ ပေ – ၁၈ ပေ အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာ နှင့် အင်္ဂတေအခင်း ကျောင်းဆောင်တွင် သင်ကြားပေးသည်။ ကျေးရွာ၏ ရွာသားအများစုမှာ ရေးတတ်၊ ဖတ်တတ်ကြပြီး လူဦးရေ၏ (၇.၉%) မှာ ဘုန်းကြီးကျောင်းပညာရေးကိုသာ တတ်မြောက်ကြသည်။ ယခုနှစ် မူလတန်းကျောင်းအပ်နှံသည့်နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်ရှိသူ အရေအတွက်ထက် ပိုနေကြောင်း တွေ့ရှိရကာ မူလတန်းတွင် အသက် ၉နှစ်၊ အလယ်တန်းတွင် အသက် (၁၄) ထက်ကြီးသော ကျောင်းသားများပါရှိနေခြင်းကြောင့် ဖြစ်သည်။ ကျောင်းတွင်ပရိဘောဂနှင့်ကျောင်းအိမ်သာတို့ လုံလောက်မှုမရှိပါ။ ကျောင်းတွင် ဆရာ(၄)ဦး၊ ဆရာမ (၆)ဦး၊ စုစုပေါင်း ကျောင်းဆရာ/ဆရာမ (၁၀)ဦးတို့ဖြင့် မူလတန်း နှင့် အလယ်တန်းကို သင်ကြားလျှက် ရှိကြပါသည်။ ကျောင်းတွင် တပည့်၊ ဆရာအချိုးသည် သတ်မှတ်ချက်အရ ကျောင်းဆရာအချိုးသည် တပည့်အချိုးထက်ပိုနေသော်လည်း ကျောင်းဆရာတစ်ဦးလစ်လပ်နေရာတွင် အစားထိုး ခန့်ထားခြင်းမရှိပါ။ ကျောင်းတွင်ဆရာ/ဆရာမလုံလောက်မှုရှိသော်လည်း အချိန်ပိုင်းခွဲ၍ သင်ကြားရာတွင် အခက်အခဲအနည်းငယ်ရှိနေပါသည်။ ယခုနှစ် ကျောင်းဖွင့်ရာသီတွင် မူလတန်းကျောင်းသားများအတွက် ပညာရေးဌာနမှ ပြဋ္ဌာန်းစာအုပ်နှင့် လေ့ကျင့်ခန်း စာအုပ်အပြင် ကျောင်းဝတ်စုံတစ်စုံကို အခမဲ့ ပံ့ပိုးပေးပါ သည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာတွင် ကျန်းမာရေး ဆရာမတစ်ဦးသာရှိပါသည်။ ဒေါင့်ချောင်းအုပ်စု (၁၅) ရွာနှင့် ချောင်းသာကြီးအုပ်စု (၂)အုပ်စုတွင် သားဖွားဆရာမတစ်ဦးသာရှိပါသည်။ ဒေါင့်ချောင်းအုပ်စု (၁၅)ရွာမှာ ပင်လျှင်အလွန်ခက်ခဲပြီး ချောင်းသာကြီးအုပ်စုကိုသာ လှေဖြင့်သွားလာရသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အလွန်နှောက်နှေးကြန်ကြာပါသည်။ မိုးရာသီတွင် သဘာဝဘေးအန္တရာယ်မိုးကြီး၍ တောင်ကျရေများကြသည့်အခါ လှေဖြင့်သွားလာရသော အခြားကျေးရွာများနှင့် ချောင်းသာကြီးကျေးရွာအုပ်စုသို့ သွားလာရခက်ခဲသဖြင့် ထိုရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှု မပြုလုပ်နိုင်တော့ပါ။ သို့ဖြစ်ပါသဖြင့် ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးရန် လိုအပ်ပါသည်။

သောက်သုံးရေအတွက် လက်နိပ်တုံကင်နှင့် မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးစွဲကြပြီး နွေရာသီတွင် သောက်သုံးရေလုံလောက်မှု နည်းပါးလှပါသည်။ ရေတွင်းများရှိသော်လည်း ရေကောင်းရေသန့်ရရှိနိုင်သော ရေတွင်းများနည်းပါးသည်။

စိမ့်စမ်းရေရရှိနိုင်သော မြေနေရာရှိသော်လည်း နားလည်တတ်ကျွမ်းသော ပညာရှင်များ လိုအပ်ခြင်း၊ ငွေကြေးလုံလောက်မှု မရှိခြင်းတို့ကြောင့် အခက်အခဲများရှိပါသည်။ ထို့အပြင် စက်ရေတွင်းတူးဖော်နိုင်သော မြေနေရာများလည်းရှိပါသည်။

ချမ်းသာသောအိမ်ထောင်စုများသည် အိမ်သာကျင်းကို အုပ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသောအိမ်ထောင်စုများမှာ သစ်ဝါးများဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသော်လည်း အချို့ဆင်းရဲသော အိမ်ထောင်စုများသည် မသုံးစွဲနိုင်ကြပါ။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

ကျွန်တော်တို့ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေ အနားယူနိုင်မည့် အနေအထားသီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာရှိ ဘာသာရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျှက်ရှိကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုရေးလုပ်ငန်း သီးသန့် မရှိသေးပါ။ ကျေးရွာလမ်းသည် မြေသားလမ်းဖြစ်ခြင်းကြောင့် မိုးတွင်းလမ်းပျက်ခြင်းများအတွက် လူငယ်များ ပူးပေါင်းပါဝင် ဆည်ဖို့ခြင်းများ ရှိကြပါသည်။

**(ဇ ) အခြေခံအဆောက်အဦး၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ကျွန်တော်တို့ကျေးရွာတွင်းရှိ လမ်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသား လမ်းများဖြစ်ပါသည်။ ကျေးလက်ဦးစီးဌာနမှ ကျောက်ချောလမ်းခင်းထားပေးခြင်း မရှိသေးပါ။ မြေသားလမ်းဖြစ်ခြင်းကြောင့် ထော်လာဂျီများ၊ ကားများ သွားလာမှု ကြောင့် လမ်းများပျက်စီးမှုများရှိနေပါသည်။ ရေကြောင်းလမ်း ရှိသော်လည်း သွားလာရ ခက်ခဲမှုရှိသောကြောင့် သွားလာမှုနည်းပါးကာ ကုန်းလမ်းခရီးဖြင့်သာ သွားလာ နေကြပါသည်။ ကျေးရွာတွင် လမ်းပန်းဆက်သွယ်သွားလာရေးအတွက် အသုံးပြုသောပစ္စည်းများမှာ ထော်လာဂျီ (၃) စီး၊ မော်တော်ဆိုင်ကယ် (၁၃၃) စီး၊ စက်ဘီး (၄၅) စီးတို့ကို အသုံးပြုလျှက် ရှိပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးရရှိမှုမရှိသေးပါ။ ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးမှာ စျေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ လက်လှမ်းမီး အသုံးပြုနိုင်မှု ရှိသော်လည်း အခြားဖုန်းလိုင်းများမှာ ဆက်သွယ်မှုကောင်းသော်လည်း MPT ဖုန်း လိုင်းမှာ ဆက်သွယ်

လွယ်ကူမှု ခက်ခဲလျှက်ရှိပါသည်။ အင်တာနက်အသုံးပြုမှုများမှာ အသင့်အတင့်သာ ကောင်းမွန်၍ အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင်စာကြည့်တိုက်မရှိပါ။ လူငယ်များနှင့် ရွာသားများသည် ဗဟုသုတနှင့် အသိပညာ အတတ်ပညာများရရှိနိုင်သော စာအုပ်များနှင့် သတင်းစာ ဂျာနယ်များကို ဖတ်ရှုလေ့လာလို ကြပါသည်။ လက်ရှိမှာ ရွာသားများသည် သတင်း အချက်အလက်နှင့် ဗဟုသုတများကို ရေဒီယို၊ စလောင်း ၊ ဖုန်းများဖြင့်သာ လက်လှမ်းမီသလောက် ဖတ်ရှုလေ့လာနေကြရပါသည်။ သို့ပါ၍ စာကြည့်တိုက် ဆောက်လုပ်ပေးလျှင် ရွာသားများ သည် ဗဟုသုတများ၊ အသိပညာ၊ အတတ်ပညာ နှင့် သတင်းအချက်အလက်များကို ပိုမို လက်လှမ်းမီလာနိုင်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာနေပြည်သူအများစုမှာ ဒေသခံမိသားစု ကျေးရွာတစ်ရွာဖြစ်သည်နှင့်အညီ မူးယစ်သေစာ သောက်စားခြင်းနှင့် ယစ်မျိုးဆိုင် ရောင်းချခြင်းမရှိသဖြင့် မှုခင်းဖြစ်ပွားမှု အခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။ ရွာသားများသည့် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သလို သတင်းအရင်းအမြစ်များကို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက် အသုံးပြုနိုင်သော်လည်း မည်သို့ချိတ်ဆက်ရမည်ကို သိရှိနားလည်မှုမရှိခြင်းကြောင့် ချိတ်ဆက်ထားသူ မရှိသလောက်ပင်ဖြစ်သည်။ သဘာဝဘေး အန္တရာယ်လျော့ပေါ့ရေး အစီအစဉ်ကို သီးသန့်ရေးဆွဲထားခြင်းမရှိသော်လည်း ကြက်ခြေနီအသင်းများ ထပ်မံ ဖွဲ့စည်းခြင်းဖြင့် သဘာဝ ဘေးအန္တရာယ်လျော့ချရေး အစီအစဉ်များကို ဆောင်ရွက် နိုင်သည်။ ရွာသားများသည် ရဲစခန်းများသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာ တွင်လည်း ရာဇဝတ်မှု ဖြစ်ပွားခြင်းမရှိသလောက်နည်းပါးပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းနှင့် အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ**

ကျေးရွာတွင် လူငယ်ပညာတတ်အနည်းငယ်ရှိပြီး လူဦးရေအားလုံး၏ (၆၃%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ကျေးရွာတွင် ဘွဲ့ရ အရေအတွက်နှင့် အထက်တန်းပညာပြီးမြောက်သူ၊ အလယ်တန်းပညာ ပြီးမြောက်သူများလည်း အသင့်အတင့်ရှိသည်။ ကျွန်တော်တို့ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ လက်ရှိ

အနေ အထားအရ ကောင်းမွန်ပြီး ဆေးဝါးကုသမှုနှင့် ဝန်ဆောင်မှုမှာ အသင့်အတင့် လက်လှမ်းမီသလောက်ရှိကာ ကျေးရွာသားများသည် စိုးရိမ်ရသော ဆေးဝါးကုသမှု အတွက်လည်း ဂွမြို့ ဆေးရုံကြီးသို့ သွားရောက်ပြီး ဆေးကုသမှု ခံယူကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပွဲပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထား အတွက် အသင့်အတင့်အနေအထားတွင် ရှိပါသည်။သဘာဝအရင်းအမြစ်များဖြစ်သော လယ်ယာမြေများသည် မြေပြန့်နှင့် ကုန်းမြေများဖြစ်သော်လည်း မြေဆီသြဇာမှာ အတော်အသင့်ကောင်းမွန်သည်။ မိုးရွာသွန်းမှုမှာလည်း စပါးနှင့်ဆောင်းသီးနှံ စိုက်ပျိုးရန်အတွက် အထောက်အပံ့ဖြစ်သည်။

ကျေးရွာထွက်ကုန်များမှာ အသင့်အတင့် ထွက်ရှိသော်လည်း လမ်းပန်း သွားလာရေး အခက်အခဲ ကုန်သည်များဝင်ရောက်မှု အားနည်းခြင်းကြောင့် ဈေးနှုန်းမှာ အသင့်အတင့်သာရှိ၍ ဈေးကွက်အသင့်အတင့်မျှသာ ကောင်းမွန်ပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် တနိုင်တပိုင်မွေးမြူရေးလုပ်ကိုင်သူများ ရှိပါသည်။ မွေးမြူရေး ထွက်ကုန်များ ရောင်းချရန် ကုန်သည်များ ဝင်ရောက်ဝယ်ယူမှု အားနည်း သော်လည်း ဝက်နှင့်နွားတို့ကို တနိုင်တပိုင် ပုံမှန်မွေးမြူနေကြသည်။ မွေးမြူရေး လုပ်ငန်းများကို စီးပွားဖြစ်မွေးမြူလိုသူများရှိကြပါသည်။

သို့သော် မွေးကုဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သလို မွေးမြူရေးထွက်ကုန်များကို အလွယ်တကူ ရောင်းချနိုင်ရန် ဈေးကွက် ကောင်းတစ်ရပ် ဖြစ်ပေါ်လာနိုင်အောင် ဆောင်ရွက်ပေးလျှင် ပိုအဆင်ပြေလာ နိုင်ပါသည်။ကျွန်တော်တို့ကျေးရွာတွင် ရာဇဝတ် မှုခင်းဖြစ်ပွားမှုမှာ မရှိသလောက် နည်းပါးပါသည်။

(ခ) **အဟာန့်အတားနှင့်စိန်ခေါ်မှု**

ကျွန်တော်တို့ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန် သော်လည်း စိုက်ပျိုးရေး နည်းစနစ်နှင့် မြေသြဇာ သုံးစွဲပုံ စနစ်ကျစွာ သုံးစွဲနိုင်မှု မရှိခြင်းကြောင့် စပါးအထွက်နှုန်းလျော့မှု ကြုံတွေ့နေရပါသည်။ လယ်ယာ မြေများကို တိုးချဲ့လုပ်ကိုင်နိုင်ရန် မဖြစ်နိုင်သဖြင့် လယ်ယာမြေများအတွက် စပါး အထွက်နှုန်း တိုးမြှင့်နိုင်ရန် စိုက်ပျိုးရေးနည်းစနစ်နှင့် စက်ကိရိယာ အထောက်အပံ့များ အထူး လိုအပ်ပါသည်။ ယခုနှစ်ကာလပိုင်းများတွင် စပါးဖျက်ပိုးများ ကျရောက်လျှက် ရှိပါသည်။

ပိုးသတ်ဆေးများကို သုံးစွဲသော်လည်း မည်သည့်ဆေးနှင့် မည်သို့ သုံးစွဲရမည်ကို သေချာစွာမသိခြင်းကြောင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းနိုင်ခြင်းမရှိပါ။ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်း ဝန်ဆောင်မှုများကို ရရှိနိုင်သော်လည်း ဖျက်ပိုး နှိမ်နင်းရေးနှင့် စိုက်ပျိုးရေးနည်းစနစ်များကို ကျေးရွာများသို့ ထိရောက်စွာ အကောင် အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။

ကျေးရွာတွင် လယ်ယာမြေအပြင် အခြားသယံဇာတများဖြစ်သော သဲ၊ ကျောက်များ ပေါများစွာ ရှိပါသည်။ သို့သော် လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် မည်ကဲ့သို့ အသုံးချရမည်ကို မသိကြ၍ ကျေးရွာ၏ စီးပွားရေး ကျဆင်းမှုများ ကြုံတွေ့နေရကာ အထောက်အပံ့များလည်း အထူးလိုအပ် ပါသည်။ ကျေးရွာတွင် ငွေတိုးချေးသူများ ရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ် သည်။

ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်မရှိပါ။ မြန်မာ့စိုက်ပျိုး ရေးဘဏ်မှာ ချေးပေးသောငွေမှာလည်း လယ်မြေပိုင်ဆိုင်သော အိမ်ထောင်စု များသာ မိမိ၏ ပိုင်ဆိုင်သော လယ်မြေဧက၏ သင့်လျော်သော ငွေကြေးပမာဏကို ရရှိကာ လယ်မြေ မပိုင်ဆိုင်သော အိမ်ထောင်စုမှာမရရှိပါ။ ချေးငွေလိုအပ်သော အိမ်ထောင်စု များမှာ အခြားငွေချေးပေးသော အဖွဲ့အစည်းများတွင် ငွေချေးရန်အတွက် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာတွင် အခက်အခဲများ ကြုံတွေ့ရကာ အချိန်မီ မရရှိသည် များလည်း ကြုံတွေ့နေရပါသည်။ ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း နည်းပါးသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အခက်အခဲရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းအတွက် ကုန်ကြမ်း ၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

၆။ **ပန်းတိုင်နှင့်မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျွန်တော်တို့ကျေးရွာရှိ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ ရပ်မိ၊ ရပ်ဖများ ကျေးရွာသူ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များနှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် (၅)နှစ် တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်ကို အောက်ပါအတိုင်း ချမှတ်ထားပါ သည်။

(က-၁) ကျွန်တော်တို့ကျေးရွာ လူထုသည် သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့ အစည်းများ၏ အကူအညီအထောက်အပံ့ကို ရယူ၍ကျေးရွာထွက်ကုန်များကို ထိုက်သင့်သည့် ဈေးနှုန်းဖြင့်ရောင်းချနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အသက်

မွေးဝမ်းကျောင်းသင်တန်းများ တတ်ရောက်ခြင်းများမှတဆင့် ကျေးရွာ၏ ဝင်ငွေကို တိုးတတ်အောင် ဆောင်ရွက်ပါမည် ။

(က-၂) ကျွန်တော်တို့ကျေးရွာ လူထုသည် ပညာရေးဌာနမှ အထောက်အပံ့ကိုရယူ၍ ပိုမို ကောင်းမွန်သော ပညာရေးမှတဆင့် ကျောင်းသားလူငယ်များ၏ အကျင့် စာရိတ္တနှင့် စာတတ်မြောက်မှု ပိုမို ကောင်းမွန်လာစေကာ နိုင်ငံ့အကျိုးကို ထမ်းဆောင်နိုင်သော လူရည်ချွန်များ ဖြစ်လာစေရမည်။

(က-၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အထောက်အပံ့ကိုရယူ၍ ဒေသဖွံ့ဖြိုးရေးအဖွဲ့များ ဖွဲ့စည်းကာ ကျေးရွာလမ်းတံတားများ ကောင်းမွန် လာအောင် ပြုလုပ်ဆောင်ရွက်သွားမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်ဖော်ပြထားသော ကျေးရွာ ဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျွန်တော်တို့ ကျေးရွာတွင် စီးပွားရေးလုပ်ငန်းများကို ကိုယ်ပိုင်လုပ်နိုင်ရန်အတွက် အရင်းအနှီးငွေများရရှိလာအောင် ငွေစုငွေချေးအဖွဲ့များနှင့် ချိတ်ဆက်ပြီး စိုက်ပျိုးရေး မွေးမြူရေးနှင့် ရေလုပ်ငန်းတို့ကို တိုးချဲ့ ဆောင် ရွက်မည်၊ ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး မလုပ်ကိုင်ကြသော ကျဘမ်းလုပ်ကိုင်သူများ အတွက် လုပ်ကိုင် အခွင့်အလမ်းများ ရရှိစေနိုင်ရန် အသက်မွေးဝမ်း ကျောင်း နည်းပညာများ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မည်။ သင်တန်း တက်ထားသူများမှတဖန် ရရှိထားသော နည်းပညာ များကို၊ ကျေးရွာတွင် မျှဝေပြီး မိမိကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ကျေးရွာ၏ကုန်ထုတ်လုပ်မှု မြင့်မားလာပြီး ဝင်ငွေတိုးတက်စေရပါမည်။

(ခ-၂) ကျွန်တော်တို့ ကျေးရွာတွင် ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး မူလတန်း ကျောင်းဆောင် ပြုပြင်မွမ်းမံခြင်း၊ မူလွန်ကျောင်းများ တိုးချဲ့ခြင်း၊ ကျေးရွာ စာကြည့်တိုက်တည်ဆောက်ခြင်းများမှတဆင့်ကျေးရွာ၏စာတတ်မြောက်မှုကို မြင့်တင်၍ နိုင်ငံ၏ အကျိုးကို ထမ်းဆောင်နိုင်သော လူရည်ချွန်များဖြစ်အောင် ဆောင်ရွက်သွား ပါမည်။

(ခ-၃) ကျွန်တော်တို့ကျေးရွာတွင် ကုန်စည်စီးဆင်းမှု လျင်မြန်စေရန် လမ်းတံတားများ ကောင်းမွန်အောင် ပြုပြင်ခြင်း၊ ကျေးရွာ၏ ရေလွှမ်းမှုများအတွက် ရေထုတ်မြောင်းများ

ပြုပြင်ခြင်း၊ ကျေးရွာမီးလင်းရေးအတွက် မဟာဓါတ်အားလိုင်းများ ရရှိအောင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပြီး ကျေးရွာ၏ အခြေခံ အဆောက်အဦး များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားပါ မည်။

(ခ-၄) ကျွန်တော်တို့ကျေးရွာတွင် အိမ်ခြံမြေဈေး မြင့်တတ်မှုကြောင့် အိမ်ယာမဲ့များပြား လာမှုများအတွက် သီးနှံထုတ်လုပ်ရေးညံ့ဖျင်းလာသော လယ်ယာမြေများကို ဈေးနှုန်း သက်သာ သည့် အိမ်ယာမြေဖော်ဆောင်ရန် နိုင်ငံတော်၏မူဝါဒများကို ပြုပြင်ရရှိအောင် သက်ဆိုင်ရာနှင့် ချိတ်ဆက်ပြီးဆောင်ရွက်သွားပါမည်။

၇။ **ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက် အဆင့် မှကူညီဖြေရှင်း ပေးရမည့်ကိစ္စများ**

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရ ဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ကျွန်တော်တို့ ကျေးရွာသူ ကျေးရွာသား များကိုယ်တိုင်ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့ အစည်းများအနေဖြင့် နိုင်ငံတော် အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးပို့ နိုင်ကြ ပါသည်။

**(က) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး**

ကျွန်တော်တို့ကျေးရွာတွင် စပါးအပြင်နွေရာသီတွင် ဆောင်းသီးနှံအဖြစ် မြေပဲကို စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိက ပြဿနာ တစ်ရပ်ဖြစ်သည့်အပြင် ဓါတ်မြေဩဇာများကိုလည်း သီးနှံအလိုက်ထည့်ရမည့် နှုံထားတိတိကျကျ မသိရှိကြပါ။ ထို့ကြောင့် ဖျက်ပိုးထိရောက်စွာနှိမ်နင်းရေး နှင့် အပင် အာဟာရ အတွက် ဓါတ်မြေဩဇာထည့်သွင်းနည်းစနစ် များကို ရရှိရေး နည်းပညာများကို ဝန်ဆောင်မှု ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှကူညီမှု ပြုသင့် ပါသည်။

**(ခ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန်စနစ်များ ပြောင်းလဲချမှတ်သင့် သည်။ အထူးသဖြင့် လယ်သမားများ၊ မွေးမြူရေးလုပ်ကိုင်လိုသူများ နှင့် ဈေးရောင်း

စသည့် စိုက်ပျိုးမွေးမြူရေး မလုပ်ကြသော ဝင်ငွေရ လုပ်ငန်းများအတွက် အတိုးနှုန်း သက်သာသည့် ငွေစုငွေချေးအဖွဲ့များနှင့် ချိတ်ဆက်ပေးသင့်ပါ သည်။

**(ဂ) ဒေသနှင့် ကိုက်ညီသော လုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် ရာသီချိန်လုပ်ငန်းကိုသာ မှီခိုနေရပြီး နေ့စဉ်ပုံမှန်ဝင်ငွေရ လုပ်ငန်းများ မရှိခြင်းကြောင့် အထူးသဖြင့် ဆင်းရဲသား လက်လုပ်လက်စား ကျလမ်းလုပ်ကိုင်သူ များအတွက် ဒေသနှင့် ကိုက်ညီသော အသေးစားစက်မှုလုပ်ငန်းများကိုထူထောင်ပေးခြင်း၊ ကမ်းခြေဒေသဖြစ်သဖြင့် ခရီးသွားလုပ်ငန်းများ ရရှိအောင် နိုင်ငံတော်မှ ကူညီဆောင်ရွက် ပေးသင့်ပါသည်။

## ၈။ စီမံကိန်း စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

ကျွန်တော်တို့ကျေးရွာ၏ စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာ များကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထား နိုင်လည်နိုင်စေမည့် ဖော်ထုတ် ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါနှစ်တာ စီမံချက်ကာလ အတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်ဖြစ်သည်။

**(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ကျေးရွာတွင် လိုအပ်ချက်များကို တင်ပြတောင်းဆိုထားသော စီမံချက်များထဲတွင် ငါးနှစ်တာကာလအတွက် မဲစနစ်ဖြင့် ဦးစားပေးရွေးချယ်ခဲ့ကြသော စီမံချက်များသည် ကျေးရွာတွင်လိုအပ်သော အဓိကလိုအပ်ချက်များကို ရွေးချယ် တင်ပြထားခြင်းဖြစ်ပါသည်။ ငါးနှစ်တာ ကာလတစ်လျှောက်လုံးတွင် နောက်ထပ် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း တဆက်တည်း ရွေးချယ်ထားပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မှု ဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို တိုးမြှင့်ဆောင်ရွက် သွားကြပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စု ခွဲခြားခြင်း**

စီမံကိန်းစီမံချက်နှင့် စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိပ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှပ်နှံမှုကို အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်း အုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ

လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီပွားရေး အကျိုးပြုဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက် အကူပြုပါသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ ကယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည် မြင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သစ်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်း အဝေး တွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့ စီမံချက် များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြား အေဂျင်စီ များထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက် လုပ်ငန်းများမှ အောက်ပါအတိုင်းဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ

| ကဏ္ဍ/အကြောင်းအရာ | အဆိုပြုစီမံချက် | ရမှတ် | ဦးစားပေး အဆင့် | မှတ် ချက် |
|---|---|---|---|---|
| သစ်တောထိန်းသိမ်းရေး | တောင်ညိုကြိုးပြင်ကာကွယ် တောပြင်ဆင်သတ်မှတ် ခြင်း | ၉၉ | ၆ | |
| ပညာရေး | အစိုးရအထက်တန်းကျောင်းရရှိရန် ဆောင် ရွက်ခြင်း | ၁၄၀ | ၂ | |
| ပညာရေး | ကျောင်းဆောင်သစ်တိုးချဲ့ဆောက် လုပ်ရန် | ၁၃၀ | ၃ | |
| ကျန်းမာရေး | ကျေးလက်ဆေး ပေးခန်းတည် ဆောက်ပေးခြင်း | ၁၂၀ | ၄ | |
| လမ်းပန်းဆက်သွယ်ရေး | ပေ(၁၂၀၀)ရှိသောရွာတွင်းလမ်းအား ပြင်ဆင်ခြင်း | ၁၀၀ | ၅ | |
| ရေပေးရေး | စိမ့်စမ်းရေသွယ်တန်း ခြင်း | ၁၅၀ | ၁ | |
